# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

## ၂၇ ရက်မြောက်နေ့အစီအစဉ်

## [ ၁၄–၃–၂၀၁၃ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်မိယဉ်ချမ်း၊ ကျိုက်မရော မဲဆန္ဒနယ်၏ **ကော့ကရိတ်မြို့နယ် မင်းရွာကျေးရွာတွင် ပြည်သူ့စစ်စခန်း ဆောက်လုပ်ရန်နှင့် နေအိမ်ကို ဖျက်သိမ်းစွန့်ခွာပြီး အနစ်နာခံခဲ့သော ဦးမောင်အေး၏ အိမ်မြေနေရာအား ပြန်လည်ပေးအပ်ရန်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **တရားရုံးအပေါ် မမှန်မကန် ကျမ်းကျိန်ဆို၍ အမှုကိုရုံးပြောင်းပေးရန် လျှောက်ထားခြင်းနှင့် ကြန့်ကြာနေသော ပြစ်မှုဆိုင်ရာအမှုများ အလျင်အမြန်ပြီးစီးစေရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **ဆောက်လုပ်ရေးလုပ်ငန်းများကို ကုမ္ပဏီများဖြင့် ဆောင်ရွက်ခဲ့ပါက ဆောက်လက်စ ပညာရေး၊ ကျန်းမာရေးစသည့် ဝန်ကြီးဌာနအသီးသီး၏ အဆောက်အဦများ အပေါ် သက်ဆိုင်ရာ မြို့နယ်များမှ တာဝန်ရှိသူများကို ကြီးကြပ်ရန် အချိန်မီ ညွှန်ကြားပေးရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုးဝင်း၊ ကျောက်တံတား မဲဆန္ဒနယ် (ကိုယ်စား) ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်၏ **ပြည်သူပိုင်/ဌာနဆိုင်ရာပိုင်/ သမဝါယမပိုင် အခန်းများနှင့် ပတ်သက်ပြီး အိုးအိမ်ဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ် (ကိုယ်စား)ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **နှစ်ပေါင်းများစွာ ကြာမြင့်နေသော လုပ်ငန်းများ၊ စီမံကိန်းဖျက်လိုက်ရသည့် လုပ်ငန်းများကို လက်လွှဲ၍ အကွက်ရိုက် ရောင်းခြင်းများ ပြုလုပ်နေမှုကို ဥပဒေနှင့်အညီ မည်ကဲ့သို့လုပ်ဆောင်ပေးမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်၏ **လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ရရှိရေးနှင့် လယ်ယာမြေ မှတ်ပုံတင်လျှောက်ထားနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **" ၂၀၁၂ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၂၇ ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ၂၈ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။